# ပိုးသတ်ဆေးမှတ်ပုံတင်လက်မှတ်

| | |
|---|---|
| **တင်ပြရန်လိုအပ်မည့် အထောက်အထားများ** | (က) မှတ်ပုံတင်လျှောက်ထားရန် လျှောက်လွှာနှင့်အတူ ပိုးသတ်ဆေး ထုတ်လုပ်သူမှ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ခြင်း၊ တင်သွင်းဖြန့် ဖြူးခြင်းတို့ကို သဘောတူကြောင်းစာ<br>(ခ) မူရင်းပိုးသတ်ဆေးထုတ်လုပ်သူ (Manufacturer) ၏ သက်ဆိုင် ရာနိုင်ငံမှ အစိုးရအသိအမှတ်ပြုလိုင်စင်၊ မှတ်ပုံတင်ထုတ်လုပ် ခွင့် အထောက်အထားများ၊ ထုတ်လုပ်သူများအား ဆက်သွယ် နိုင်မည့်ပုဂ္ဂိုလ်၊ လိပ်စာ Email ၊ Web page<br>(ဂ) အခြားနိုင်ငံများတွင်မှတ်ပုံတင်ထားသော နိုင်ငံ စာရင်းနှင့် အဆို ပါလိုင်စင်/ခွင့်ပြုမိန့် အထောက်အထားများ<br>(ဃ) ပိုးသတ်ဆေးနှင့် ပတ်သက်သည့် ပူးတွဲတင်ပြရမည့် နည်းပညာ အချက်အလက်များ စာတမ်း၊ (General Information, Properties of the Active Ingredient, Properties of the Formulated Product , Intended uses and methods of application, Assessment of Efficacy of Pesticide, Toxicology, Residue Data, Environmental Data , Disposal of surplus pesticide and pesticide containers, Label, GAP Table )<br>(င) အဆိုပြုတင်ပြသည့် အင်္ဂလိပ်/ မြန်မာနှစ်ဘာသာဖြင့် ပြန်ဆို ထားသည့်တံဆိပ် (အညွှန်းစာ)<br>(စ) ပိုးသတ်ဆေးအရည်အသွေးစစ်ဆေးရန် ပိုးသတ်ဆေး နမူနာ -<br>(၁) Formulated product Pesticide 250 CC (or)250 gm<br>(၂) Analytical Standard 2×1 gm with attachment of Certificate of Analysis (Chromatograph), if pesticide contains more than one active ingredient, Standards packed separately (OECD GLP)<br>(၃) Capillary separation columns used in Gas Liquid Chromatography (GC) and High Performance Liquid Chromatography (HPLC) column(s) |
| **လုပ်ငန်းစဉ်အဆင့်** | **(က)** လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် လိုအပ်သည့် အချက် အလက်များ ပြည့်စုံမှုရှိ/မရှိကို စစ်ဆေးပါသည်။<br>**(ခ)** ပြည့်စုံပါက သတ်မှတ်ထားသည့် ပိုးသတ်ဆေးမှတ်ပုံတင်ကြေး နှုန်းထားများနှင့် ပိုးသတ်ဆေးနမူနာ တစ်မျိုးအတွက် ဓါတ်ခွဲစစ် ဆေးခငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်စာရင်းအမှတ် MD-013156 သို့ ပေးသွင်းရပါမည်။<br>(Registration Fee နှင့် Analytical Fee ဓါတ်ခွဲစစ်ဆေး ခငွေသွင်းပြီးသော်လည်း Sample |

| | |
|---|---|
| | နှင့် Dossier တွင် ဖော်ပြထားသည့် အချက်အလက်များ ပြည့်စုံမှုမရှိလျှင် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်မှ လုံးဝပယ်ဖျက်မည်ဖြစ်ပါသည်)<br>(**ဂ**) ထုတ်လုပ်သူ၏ ကိုယ်ရေးကို အသေးစိတ် စစ်ဆေးရမည်။<br>(**ဃ**) မူရင်းပိုးသတ်ဆေး ထုတ်လုပ်သူကိုယ်ရေး အထောက်အထား များ ပြည့်စုံမှန်ကန်ပါက ပိုးသတ်ဆေးနှင့်ပတ်သက်သော နည်းပညာအချက်အလက်များကို နည်းပညာကော်မတီဝင်များမှ စစ် ဆေးပါသည်။<br>(**င**) ပိုးသတ်ဆေးနှင့်ပတ်သက်သော နည်းပညာ အချက်အလက် များ ပြည့်စုံမှန်ကန်ပါက အရည်အသွေး စစ်ဆေးရန် ပိုးသတ် ဆေး နမူနာကို ပိုးသတ်ဆေးဓါတ်ခွဲခန်းသို့ ပေးပို့ရပါမည်။<br>(**စ**) ပိုးသတ်ဆေးဓါတ်ခွဲခန်းမှ အရည်အသွေး စစ်ဆေးမှုရလဒ်နှင့် နည်းပညာအချက်အလက်များ စိစစ်ထောက်ခံချက်များနှင့်အတူနည်းပညာကော်မတီ အစည်းအဝေး၊ ပိုးသတ်ဆေးမှတ်ပုံတင် အဖွဲ့ အစည်းအဝေးများသို့ တင်ပြပါသည်။<br>(ဆ) မှတ်ပုံတင်အဖွဲ့အစည်းအဝေးမှ ဆုံးဖြတ်အတည်ပြုပြီး မှတ်ပုံတင် ခွင့်ပြုသော ပိုးသတ်ဆေးများကို မှတ်ပုံတင်အမျိုးအစားအလိုက် မှတ်ပုံတင်လက်မှတ် ထုတ်ပေးပါသည်။ |
| **ဝန်ဆောင်ခ** | Analytical fee for pesticide registration= နမူနာ ၁ ခုချင်းစီအတွက် ၆၀၀,၀၀၀ ကျပ်<br>Experimental Registration (before starting of commercial operation regarding pesticide/ conducting the bio-efficacy trials) = ၂ နှစ်လျှင် ၁,၅၀၀,၀၀၀ ကျပ်<br>Provisional Registration = ၅ နှစ်လျှင် ၃,၀၀၀,၀၀၀ ကျပ် |
| **ကြာမြင့်ချိန်** | လိုအပ်သည့် အချက်၊ တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံလျှင် အလုပ်လုပ် ရက်(၈)ပတ်နှင့် လိုအပ်သည့်အချက်၊ တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံမှု ရှိ/မရှိပေါ် မူတည်၍ အချိန်ကြာမြင့်နိုင် မည်။ ပြည့်စုံပြီးမှ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အစည်းအဝေးသို့ တင်ပြ သည်။ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ အစည်းအဝေးသည် ( ၆ )လ တစ်ကြိမ် ကျင်းပပါမည်။ |
| **မှတ်ချက်** | ပိုးသတ်ဆေးမှတ်ပုံတင်လျှောက်ထားခြင်း နှင့် စပ်လျဉ်းသော အသေး စိတ်နည်းစဉ်များကို သိရှိ နိုင်ရန် လျှောက်ထားသူအနေဖြင့်ပိုးသတ်ဆေး ဥပဒေ ၂၀၁၆ ကိုကိုးကား နိုင်သည်။<br>Registration Fee နှင့် Analytical Fee ဓါတ်ခွဲစစ်ဆေးခငွေ သွင်းပြီး သော်လည်း Sample နှင့် Dossier တွင်ဖော်ပြထားသည့် အချက်အလက် များ ပြည့်စုံမှုမရှိခြင်း၊ သတ်မှတ်ထားသောနမူနာများ တင်သွင်းရန် ပျက်ကွက်ခြင်းများတို့ကြောင့် တင်သွင်းရမည့် အချက် အလက်များ |

| | |
|---|---|
| | ပြည့်စုံမှု မရှိလျှင် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်မှ လုံးဝပယ်ဖျက်မည်ဖြစ်ပါသည်။ |
| လျှောက်ထား ရမည့်နေရာ | Myanmar Agricultural Inputs Registration System (MAIRS) Online<br>စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ |
| အတည်ပြုလက် မှတ်ရေးထိုးသည့် ရာထူး/အဆင့် | တွဲဘက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ |